**CONSULATE GENERAL OF THE REPUBLIC OF THE UNION OF MYANMAR**
**NEW YORK**

TEL:744-1271,FAX:744-1290
E-MAIL: myanmarmission@verizon.net

10 EAST 77th STREET
NEW YORK, N.Y. 10075

# အသိပေးကြေညာချက်

၁။ မြန်မာအဖွဲ့ရုံး၊ နယူးယောက်မြို့၏ ကောင်စစ်ဌာနသည် နယူးယောက်၊ နယူးဂျာစီ၊ ကွန်နက်တီကပ် ပြည်နယ်များနှင့် ဂျမေကာနိုင်ငံတို့ရှိ မြန်မာနိုင်ငံသားများ၏ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်းကိစ္စ အပါအဝင် နိုင်ငံသားအကျိုးကိစ္စရပ်များ၊ ယင်းဒေသများမှ နိုင်ငံခြားသားများ၏ ပြည်ဝင်ဗီဇာလျှောက်ထားမှုများ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် ကောင်စစ်ဌာနအနေဖြင့် ကျသင့်သည့် နိုင်ငံကူးလက်မှတ်ခ၊ ပြည်ဝင်ဗီဇာခ၊ ထောက်ခံစာခများကို လက်ရှိတွင် cashier check သို့မဟုတ် money order သို့မဟုတ် ငွေသားဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ယခုအခါ အထက်ဖော်ပြပါ ကျသင့်ငွေများကို **၂၀၁၉ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ cashier check သို့မဟုတ် money order ဖြင့်သာလက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ငွေသားဖြင့် ပေးချေမှုကို လုံးဝ(လုံးဝ) လက်ခံဆောင်ရွက်ပေးခြင်း ပြုတော့မည်မဟုတ်ကြောင်း** ကောင်စစ်ဌာန၏ သက်ဆိုင်ရာ ကောင်စစ်နယ်မြေများဖြစ်ကြသည့် နယူးယောက်၊ နယူးဂျာစီ၊ ကွန်နက်တီကပ်ပြည်နယ်များနှင့် ဂျမေကာနိုင်ငံတို့ရှိ မြန်မာနိုင်ငံသားများ၊ နိုင်ငံသားဟောင်းများကို လေးစားစွာအသိပေးကြေညာအပ်ပါသည်။

ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဩဂုတ်လ ၈ ရက်
မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး
နယူးယောက်မြို့။